***ประกาศรับสมัครผู้เข้าอบรมโครงการอาสาสมัครพัฒนาสังคมชายแดน***

**နယ်စပ်ဒေသလူမှုဖွံ့ဖြိုးရေးဆိုင်ရာစေတနာ့ဝန်ထမ်းစီမံကိန်းသင်တန်းသားများခေါ်ယူလက်ခံကြောင်းကြေငြာချက်**

---

***<u>ဖြစ်ပေါ်လာပုံ</u>***

International Resuce committee (IRC) အဖွဲ့နှင့်တာ့ခ်ခရိုင်လူမှုဖွံ့ဖြိုးရေးနှင့်ပြန်လည်နေရာချထားရေးဌာနမှပူးပေါင်းလက်တွဲ၍2015 ခုနှစ်တွင်လူမှုဖွံ့ဖြိုးရေးဆိုင်ရာနိုင်ငံခြားသားစေတနာ့ဝန်ထမ်း (ဝမမတ) သင်တန်းကိုတာ့ခ်ခရိုင်ထိုင်းမြန်မာနယ်စပ်တလျှောက်ရှိအကူအညီလိုအပ်နေသောမြန်မာပြည်သားများလက်လှမ်းမှီစေရန်နှင့်ရပ်ကွက်အတွင်းလုပ်ပူးပေါင်းလုပ်ဆောင်မှုအားကောင်းလာစေရန်အတွက်မဲဆောက်မြို့နယ်အတွင်းရှိCBO/NGOsဝန်ထမ်းများအားထန်းမဆာ့တက္ကသိုလ်လူမှုစွမ်းအားဖွံ့ဖြိုးမြင့်တင်ရေးဌာနမှသင်တန်းပို့ချသူအဖြစ်ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ထိုသင်တန်းအပြီးတွင်တာ့ခ်ခရိုင်ထိုင်းလူမှုဖွံ့ဖြိုးရေးဝန်ထမ်းအဖွဲ့များနှင့်အတူနယ်စပ်ဒေသရှိကလေးကြည့်ရှုစောင့်ရှောက်ရေးဂေဟာများ၏လုပ်ဆောင်မှုများစနစ်တကျရှိစေရန် နှင့်အရည်အသွေးတိုးတက်မြင့်မားလာစေရန်အတွက် ဒေသအတွင်းဘော်ဒါဆောင်ဂေဟာများသို့အချက်အလက်ကောက်ခံခြင်းများကိုပူးတွဲလုပ်ဆောင်လာခဲ့ကြသည်။ထို့အပြင်တာ့ခ်ခရိုင်လူမှုဖွံ့ဖြိုးရေးနှင့် ပြန်လည်နေရာချထားရေးဌာနနှင့်ပူးပေါင်း၍လိုအပ်သလိုကူညီမှုများကိုအမှုအလိုက်ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုလုပ်ဆောင်မှုများဆက်လက်တည်ရှိစေရန်နှင့်ရပ်ကွက်ကျေးရွာအဆင့်လုပ်ဆောင်မှုလုပ်ငန်းစဉ်များပိုမိုအဆင့်မှီအားကောင်းလာစေရန်အတွက်International Rescue committee (IRC) အဖွဲ့မှဦးစီး၍ထန်းမဆာ့တက္ကသိုလ်လူမှုစွမ်းအားဖွံ့ဖြိုးမြင့်တင်ရေးဌာနလူမှုဝန်ထမ်းအစည်းအရုံး ၊တာ့ခ်ခရိုင်လူမှုဖွံ့ဖြိုးရေးနှင့်ပြန်လည်နေရာချထားရေးဌာနနှင့်မူလနိုင်ထိစူဝမ်နိမိအဖွဲ့များလူမှုဖွံ့ဖြိုးရေးနှင့် ပြန်လည်နေရာချထားရေးဌာနလက်အောက်ရှိလူမှုဝန်ထမ်းစေတနာလုပ်သားများနှင့်မြန်မာလူမှုဝန်ထမ်းစေတနာလုပ်သားများအကြား ပေါင်းစည်းမှုအားကောင်းလာစေရန်၊ ချမှတ်ထားသောလမ်းညွှန်ချက်များအတိုင်းလုပ်ဆောင်နိုင်စေရန်နှင့်စေတနာ့ဝန်ထမ်းများ၏အရည်အချင်းတိုးတက်မြင့်မားလာစေရန်အတွက်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပါသည်။

ရပ်ကွက်အဆင့်လုပ်ဆောင်မှုအပိုင်းနှင့်ထိုင်းမြန်မာအသိုင်းအဝန်းများအကြားလူမှုဖွံ့ဖြိုးရေးကူညီစောင့်ရှောက်မှုများကိုအတူတကွပူးပေါင်းလုပ်ဆောင်နိုင်ရန်နှင့်ပူးပေါင်းလုပ်ဆောင်မှုအားကောင်းခိုင်မာလာစေရန်ဖွံ့ဖြိုးတိုးတတ်လာသောအာစီယံစီးပွားရေးဇုံနှင့်အညီဤစီမံကိန်းကိုအကောင်အထည်ဖော်ခဲ့ကြပါသည်။

**<u>စီမံကိန်း၏ရည်ရွယ်ချက်</u>**

1. ရပ်ကွက်အဆင့်လူမှုဝန်ထမ်းအကူလုပ်သားများ၏လုပ်ငန်းပိုင်းဆိုင်ရာလုပ်ဆောင်မှုများတွင်ချမှတ်ထားသောလမ်းညွှန်ချက်များနှင့်အညီလုပ်ဆောင်နိုင်ရန်အတွက်အသိပညာနှင့်ကျွမ်းကျင်မှုများပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်။
2. ထိုင်းလူမှုဝန်ထမ်းစေတနာလုပ်သားများ(ဝพม)နှင့်မြန်မာလူမှုဝန်ထမ်းစေတနာလုပ်သားများ(ဝမမတ)အကြားချိတ်ဆက်လုပ်ဆောင်မှုများပိုမိုအားကောင်းလာစေရန်။
3. တာ့ခ်ခရိုင်အထူးစီးပွားရေးဇုံနယ်မြေအတွင်းရှိရွှေ့ပြောင်းအလုပ်သမားများမှထိုင်းလူမှုဖွံ့ဖြိုးမှုသက်သာချောင်ချိရေးဆိုင်ရာဝန်ဆောင်မှုများလက်လှမ်းမှီနိုင်သည့်နည်းလမ်းများတိုးလာစေရန်။

## သတ်မှတ်ထားသောသင်တန်းသားအုပ်စုများ

အစိုးရဝန်ထမ်းအုပ်စု ၊ NGOsအဖွဲ့များ ၊ CBOsအဖွဲ့များ ၊ ထိုင်းမြန်မာနယ်စပ်တလျှောက်ရှိ လူမှုဝန်ထမ်းစေတနာလုပ်သားများစုစုပေါင်း 30 ယောက်

## သင်တန်းပြုလုပ်မည့်နေရာ

ဝတ်ထနားဗီးလေ့ဂ်ျရီဆော့ (Wattanavillage Resort) မဲဆောက်မြို့ တာ့ခ်ခရိုင်

## သင်ရိုးညွှန်းတမ်းနှင့်သင်ကြားမည့်အချိန်နာရီ

သင်ရိုးညွှန်းတမ်း3ခုရှိပြီး2017မေလမှနိဝင်ဘာလအကြားတွင်သင်ကြားပို့ချသွားမည်။

| သင်ရိုးညွှန်းတမ်းများ | သင်တန်းပို့ချသည့်အချိန်ကာလ | အကဲဖြတ်ခြင်း |
|---|---|---|
| **သင်ရိုးညွှန်းတမ်း(1)**<br>အခြေခံအသိပညာနှင့်လူမှုဝန်ထမ်းလုပ်ငန်းများ (48 နာရီ)<br>-လူသားနှင့်လူမှုအသိုင်းအဝိုင်းကိုနားလည်သဘောပေါက်ရန်စဉ်းစားတွေးခေါ်မှုသည်အရေးပါသည့်အချက်များ<br>- လူမှုဝန်ထမ်းအဖွဲ့၏လုပ်ငန်းလုပ်ဆောင်ပုံစနစ်နှင့်နည်းလမ်း<br>- ရင်းနှီးမှုဆက်ဆံရေးတည်ဆောက်ပုံ<br>- လုပ်ငန်းလုပ်ဆောင်ပုံ<br>- နည်းပညာပိုင်းနှင့်ကျွမ်းကျင်မှုအရေးပါပုံ<br>- အုပ်စုဖွဲ့စုပေါင်းလေ့လာခြင်း<br>- လုပ်ငန်းခွင်အတွင်းတွေ့ရှိရသည့်ထူးခြားသောသီးသန့်အမှုများ | 22-27 မေလ 2017<br><br>မေးခွန်းဆန်းစစ်ခြင်း<br>28 မေလ 2017 | 1. သင်တန်းအကြိုမေးခွန်းနှင့်အပြီးမေးခွန်းများ<br>2. သင်တန်းတက်ရောက်ချိန် 80 % ကျော်ရှိရမည်<br>3. သင်တန်းအပြီးစာမေးပွဲစစ်ဆေးခြင်း |
| **သင်ရိုးညွှန်းတမ်း(2)**<br>လက်တွေ့လုပ်ဆောင်မှုများအားလေ့ကျင့်ခြင်း (စုစုပေါင်း180 နာရီ)<br>- case review လုပ်ဆောင်ပုံနည်းလမ်း<br>- social lab နည်းလမ်းအသုံးပြုပုံ<br>- အုပ်စုပုံစံကြီးကြပ်ပုံ | 20 June – 5 August 2017 | 1. စိတ်ဝင်စားစရာကောင်းသောအစီအစဉ်များကိုတင်ဆက်ပြသခြင်း |
| **သင်ရိုးညွှန်းတမ်း (3)**<br>သီးသန့်ထူးခြားသည့်အမှုများကိုင်တွယ်ပုံ (စုစုပေါင်း48 နာရီ) | 13-18 November 2017 | 1.သင်တန်းအကြိုနှင့်အပြီးမေးခွန်းများ |

| | | |
|---|---|---|
| - တရားမျှတရေးစနစ်တွင်လူမှုဝန်ထမ်း၏ တာဝန်များ<br>- စောင့်ရှောက်ရေးဂေဟာများနှင့်လုပ်ဆောင်မှုအပိုင်းတွင်လူမှုဝန်ထမ်း၏ တာဝန်များ<br>- ရှုပ်ထွေးသောပတ်ဝန်းကျင်များနှင့်ရပ်ကွက်အတွင်းလုပ်ငန်းလုပ်ဆောင်ပုံ | | 2. သင်တန်းတက်ရောက်ချိန်80%ကျော်ရှိရမည်<br>3. သင်တန်းအပြီးဆန်းစစ်မေးခွန်းများဖြေဆိုခြင်း |

**<u>နယ်စပ်ဒေသလူမှုဖွံ့ဖြိုးရေးဆိုင်ရာစေတနာလုပ်သားသင်တန်းတတ်ရောက်မည့်သူတွင်ရှိရမည့်အရည်အချင်း များ</u>**

1. ဒုက္ခသည်များနိုင်ငံမဲ့ ၊အခြေအနေမဲ့၊ အခွင့်အရေးမဲ့သောရွှေ့ပြောင်းမြန်မာများကြားတွင်အမျိုးသမီး ၊ ကလေး၊ မိသားစုနှင့်ပတ်သတ်သောလုပ်ငန်းများကို(2)နှစ်အထက်လုပ်ကိုင်ဖူးသည့်အတွေ့အကြုံရှိရမည်။
2. ထိုင်းဘာသာသို့မဟုတ်မြန်မာဘာသာကို ရေး ဖတ် ပြော နိုင်ရမည်။
3. အစိုးရအဖွဲ့ သို့မဟုတ်NGO အဖွဲ့များမှဝန်ထမ်းများ/ထောက်ခံပို့ဆောင်သူများဖြစ်ရမည်။
4. သင်တန်းတတ်ရောက်ပြီးဆုံးသည့်နောက်တွင် နိုင်ငံမဲ့ အခြေအနေမဲ့ အခွင့်အရေးမဲ့သောရွှေ့ ပြောင်းမြန်မာပြည်သားများအတွက်လူမှုဖွံ့ဖြိုးရေးကူညီစောင့်ရှောက်မှုအပိုင်းတွင်(2)နှစ်အထက်လုပ်ဆောင်ရန်ရည်ရွယ်ထားသူဖြစ်ရမည်။
5. ပထမသင်ရိုးညွှန်းတမ်း(6)ရက်လုံးတတ်ရောက်နိုင်ပြီးဒုတိယနှင့်တတိယသင်ရိုးညွှန်းတမ်းများကိုဆက်လက်တတ်ရောက်နိုင်မည့်သူဖြစ်ရမည်။

**<u>နယ်စပ်ဒေသလူမှုဖွံ့ဖြိုးရေးဆိုင်ရာစေတနာလုပ်သားများ၏တာဝန်နှင့်ဝတ္တရားများ</u>**

1. အခြေအနေတခုတွင်လူမှုရေးပိုင်းကူညီမှုလိုအပ်လာပါကနယ်မြေအတွင်းရှိလူမှုရေးပိုင်းဆိုင်ရာကူညီပေးနေသောအဖွဲ့အစည်းများသို့တင်ပြပေးရမည်။
2. လူမှုရေးပိုင်းဆိုင်ရာအကူအညီလိုအပ်နေသူများအားရှေးဦးစွာကူညီရန်လိုအပ်မှုများကိုလုပ်ဆောင်ပေးပြီးတာ့ခ်ခရိုင်လူမှုဖွံ့ဖြိုးရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနသို့လွှဲပြောင်းပို့ဆောင်ပေးရမည်။
3. တာ့ခ်ခရိုင်အတွင်းရှိလူမှုဖွံ့ဖြိုးဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအသီးသီးနှင့်ပတ်သတ်သောသတင်းအချက်အလက်များနှင့်အသိပညာများကိုနယ်မြေရှိရွှေ့ပြောင်းမြန်မာပြည်သားများအကြားရောက်ရှိစေရန်ကြားခံဆက်သွယ်ရေးလုပ်ပေးရမည်။
4. တာ့ခ်ခရိုင်လူမှုဖွံ့ဖြိုးရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်လက်တွဲပူးပေါင်း၍အမျိုးသမီးနှင့်ကလေးကာကွယ်စောင့်ရှောက်သည့်နည်းဗျူဟာများဖွံ့ဖြိုးတိုးတတ်ရန်လုပ်ဆောင်ပေးရမည်။
5. တာ့ခ်ခရိုင်လူမှုဖွံ့ဖြိုးရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန/NGOအဖွဲ့နှင့်အိမ်နီးချင်းနိုင်ငံများအကြားဆက်သွယ်အကြောင်းကြားမှုများကိုပြုလုပ်ပေးရမည်။

**နယ်စပ်ဒေသလူမှုဖွံ့ဖြိုးရေးစေတနာလုပ်သားများတွင်ရှိရမည့်အင်္ဂါရပ်များ**

1. NGO/CBO အဖွဲ့များတွင်တာဝန်ထမ်းဆောင်နေသူ(သို့) NGO/CBO အဖွဲ့များနှင့်လက်တွဲလုပ်ဆောင်နေသူ။
2. ထိုင်းဘာသာ(သို့) အင်္ဂလိပ်ဘာသာနှင့်မြန်မာ (သို့)ကရင်ဘာသာစကားတို့နှင့်ပြောဆိုဆက်ဆံနိုင်သူ။
3. နယ်စပ်ဒေသလူမှုဖွံ့ဖြိုးရေးစေတနာလုပ်သားသင်တန်းသင်ရိုးညွှန်းတမ်းများကိုအားလုံးအောင်မြင်ပြီးဆီးသူ။
4. လူသားအကျိုးပြုလုပ်ငန်းလူမှုရေးလုပ်ငန်းများကိုစိတ်ဝင်စားချစ်မြန်နိုးသူ။
5. သူတပါးအပေါ်အကောင်းမြင်စိတ်ရှိသူစိတ်သဘောထားကြီးသူအရာရာတိုင်းကိုအကောင်းဘက်မှတွေးခေါ်တတ်သူ။
6. လူမှုအသိုင်းအဝိုင်းအတွင်းဆက်ဆံရေးပြေပြစ်ကောင်းမွန်သောသူ။
7. သက်ဆိုင်ရာအဖွဲ့အစည်းများအကြားအချက်အလက်နှင့်ဆက်သွယ်မှုများကိုပြုလုပ်ပေးနိုင်သူ

**လျှောက်လွှာလက်ခံသည့်နေ့** : 8 - 15 May 2017

**သင်တန်းတတ်ရောက်မည့်အမည်စရင်း**များကို **18 May 2017** တွင်ကြေငြာပေးသွားမည်ဖြစ်သည်။